# အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ်(၃၁ .၁.၂၀၂၃) ရက်အထိ ဆောင်ရွက်ထားရှိမှု အခြေအနေများတင်ပြခြင်း

## (အကျဉ်းချုပ်)

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ ဆောင်ရွက်ထားရှိမှုအခြေအနေများ

## (အကျဉ်းချုပ်)

| စဉ် | အကြောင်းအရာ | ဆုံးဖြတ်ချက် စုစုပေါင်း | ဆောင်ရွက်ပြီး အချက် | ဆောင်ရွက်ဆဲ အချက် | ဆောင်ရွက်ရန်ကျန် အချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး | ၁၆ | ၂<br>အမှတ်စဉ် (၄ ၊ ၁၂) | ၁၄<br>အမှတ်စဉ် (၁၊ ၂၊ ၃ ၊ ၅ ၊ ၆ ၊ ၇ ၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆) | - | |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ ဆောင်ရွက်ထားရှိမှုအခြေအနေများ

- ဆုံးဖြတ်ချက်အမှတ်စဉ် (၄)၊ (၁၂) စုစုပေါင်း (၂) ချက်အား ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။

- ဆုံးဖြတ်ချက်အမှတ်စဉ် (၁)၊ (၂)၊ (၃)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၃)၊(၁၄)၊ (၁၅)၊ (၁၆) စုစုပေါင်း (၁၄) ချက်အား MSME လုပ်ငန်းကော်မတီဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ရေရှည်ဆောင်ရွက်ရမည့် အခြေအနေများဖြစ်သည့်အတွက် ဆောင်ရွက်ဆဲဖြစ်ပါသည်။

  - စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း စုစုပေါင်းဝန်ကြီးဌာန/ အဖွဲ့အစည်း (၁၆) ခု တို့မှ ဆောင်ရွက်မှု အခြေအနေများ ပေးပို့ပြီး ဖြစ်ပါသည်။

  - ဥပဒေရေးရာဝန်ကြီးဌာန၊ UMFCCI စုစုပေါင်းဝန်ကြီးဌာန/အဖွဲ့အစည်း (၂) ခု တို့မှ ဆောင်ရွက်မှုအခြေအနေများ ပေးပို့ရန် ကျန်ရှိပါသည်။

# အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ပြီးအခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မှုအခြေအနေ | ဆောင်ရွက်ပြီး |
|---|---|---|---|---|
| ၄။ | အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ ဒေသဆိုင်ရာအေဂျင်စီများကို ဖွဲ့စည်း ဆောင်ရွက်ရန်၊ | ▪ MSME လုပ်ငန်းကော်မတီ<br>▪ တာဝန်ခံဝန်ကြီး ဌာန (စက်မှု) | ▪ ဖွဲ့စည်းပြီးဖြစ်ပါသည်။<br>အေဂျင်စီအစည်းအဝေး (၃.၁.၂၃)<br>ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေး(၂၈.၁၂.၂၂)<br>လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ (၅.၁.၂၃) အစည်းအဝေး | √ |
| ၁၂။ | MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်ရေးအတွက် အသေးစားစက်မှုလုပ်ငန်းများ၊ သမဝါယမအသင်းများနှင့် ချိတ်ဆက်ပူးပေါင်း၍ ဆောင်ရွက်သွားရန်၊ | ▪ သမ/ကျေးလက်၊<br>▪ စက်မှု ၊<br>▪ စီးပွားကူးသန်း၊<br>▪ UMFCCI | ▪ (၃၁.၁.၂၀၂၃)ရက်ထိ ကရင်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ၊ နေပြည်တော်တို့တွင် ထုတ် ကုန်ပြပွဲ၊ ပြိုင်ပွဲများ (၁၇)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး၊ ကရင်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ တို့တွင် MSME Talk Show များ (၁၁) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။<br>▪ သမ/ ကျေးလက်နှင့် စီး/ကူးဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲများခင်းကျင်း ပြသရောင်းချနိုင်ရေး ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ | √ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၁။ | ထုတ်လုပ်မှုကဏ္ဍတွင် အစားအစာလုပ်ငန်း၊ အဖျော်ယမကာထုတ်လုပ်မှုလုပ်ငန်း၊ ဝတ်ဆင်ရန် အထည်များ ထုတ်လုပ်မှုလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ သားရေနှင့် ပတ်သက်သောကုန်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ သစ်နှင့် သစ်အချောထည်လုပ်ငန်း၊ ဆေးဝါးနှင့်ရုက္ခဗေဒဆိုင်ရာထုတ် ကုန်များ ထုတ်လုပ်မှုလုပ်ငန်း၊ ရာဘာနှင့် ပလပ်စတစ်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ အခြားသတ္တု တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှု လုပ်ငန်း၊ အခြေခံသတ္တုပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တွင်းထွက်နှင့် သစ်တောထွက် ပစ္စည်းလုပ်ငန်း (၁၂)ခုကို ဦးစားပေး အုပ်စု (က) အဖြစ် ဆောင်ရွက်သွားရန်၊ | ▪ MSME လုပ်ငန်းကော်မတီ<br>▪ ရင်းနှီး/ စီးပွား၊<br>▪ စက်မှု၊<br>▪ UMFCCI | **MSME လုပ်ငန်းကော်မတီ/စက်မှု**<br>▪ စက်မှုလုပ်ငန်းအလိုက် (သို့) အစုအဖွဲ့အလိုက် MSME များ အားပေးမြှင့်တင်ရေး စီမံချက်အစီအစဉ် (Action Plan) များ ရေးဆွဲနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် အစည်းအဝေး ကျင်းပပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊<br>▪ လုပ်ငန်းများအလိုက်လိုအပ်ချက်များ ဖော်ထုတ်ခြင်း၊<br>▪ အားပေးမြှင့်တင်ပေးရမည့် အချက်များ ဖော်ထုတ်ခြင်း၊ | **MSME လုပ်ငန်းကော်မတီ/စက်မှု**<br>▪ လုပ်ငန်းကော်မတီရုံးအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ၊ ဒေသဆိုင်ရာအေဂျင်စီများ၊ UMFCCI တို့အား အကြောင်းကြားထားပြီး ဖြစ်ပါသည်။<br>▪ လုပ်ငန်းကော်မတီ နှင့် အေဂျင်စီ အစည်းအဝေးတို့တွင်လည်း ထည့်သွင်း ဆွေးနွေးပြီးဖြစ်ပါသည်။ |

# အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ဆဲ အခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၂။ | ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများကို မော်တော်ယာဉ်စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်မှုလုပ်ငန်း၊ e-vehicle လုပ်ငန်းများဆိုင်ရာ လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်မှု လုပ်ငန်းများတွင် ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးရန်၊ | ▪ MSME လုပ်ငန်းကော်မတီ<br>▪ ရင်းနှီး/ စီးပွား၊<br>▪ စက်မှု၊<br>▪ UMFCCI | **MSME လုပ်ငန်းကော်မတီ**<br>▪ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုအခြေအနေများ အား စုစည်းတင်ပြခြင်း။ | **MSME လုပ်ငန်းကော်မတီ**<br>▪ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုအခြေအနေများ အား စုစည်းတင်ပြသွားပါမည်။ |
| | | | **ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန**<br>▪ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ် (Electric Vehicle– EV) နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ အောက်ရှိ လုပ်ငန်းကော်မတီ (၅) ရပ်၏ လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ရှိ e-vehicle လုပ်ငန်းများဆိုင်ရာလျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်မှု လုပ်ငန်းများတွင် ဆောင်ရွက်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ခြင်း။ | **ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန**<br>▪ တင်သွင်း/ တင်ပို့လုပ်ငန်းကော်မတီ၏ ဦးဆောင်ကော်မတီအောက်ရှိ အထောက်အကူပြုရုံးအဖွဲ့ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ဖွဲ့စည်းထားရှိပြီး လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ (အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | ▪ SKD/CKD စနစ်ဖြင့် လျှပ်စစ်သုံးယာဉ် ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများက အဆိုပြုချက်/ အတည်ပြု လျှောက်ထားလွှာများ တင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ကင်းလွတ်ခွင့်၊ သက်သာခွင့်များရရှိစေရေးအတွက် ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၇) ဦးစားပေးမြှင့်တင်မည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကဏ္ဍတွင် ထည့်သွင်း၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ခြင်း။ | ▪ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုသတ်မှတ်ခြင်း (၁၃/၂၀၁၇) တွင် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများကို ထည့်သွင်း၍ အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေးအတွက် စီးပွားရေးရာကော်မတီသို့ အမှာစာတင်သွင်းပြီးဖြစ်ပါ၍ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူပြီး ကော်မရှင်အစည်းအဝေးသို့ တင်ပြ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |

# အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ဆဲ အခြေအနေများ (အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | **စက်မှုဝန်ကြီးဌာန**<br>▪ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Focal အဖြစ် တာဝန်ယူ၍ Pilot Project အဖြစ် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ခြင်း၊<br>▪ မူဝါဒအား မျှော်မှန်းချက် ၄ ရပ်၊ ရည်မှန်းချက် ၅ ရပ်၊ ရည်ရွယ်ချက် ၅ ရပ်၊ အခြေခံမူ ၁၈ ရပ် ဖြင့် ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပြီး၊ ပြည်တွင်း၌ လျှပ်စစ်သုံးယာဉ်များ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ရေးနှင့် လျှပ်စစ်ယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် ကာလတို၊ ကာလလတ်၊ ကာလရှည်အပိုင်း အခြား ၃ ခုပိုင်းခြား၍ သတ်မှတ်ကာလများကို ဖွံ့ဖြိုးရေးလမ်းပြမြေပုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ခြင်း၊ | **စက်မှုဝန်ကြီးဌာန**<br>▪ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီအား နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်၊ ၉၄ / ၂၀၂၂ ဖြင့် ၂-၆-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ အဖွဲ့ဝင်ဗိုလ်ချုပ်ကြီး မြထွန်းဦး မှ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး၊ ၎င်းကို အထောက်အကူပြုမည့် လုပ်ငန်းကော်မတီ ၅ ခုကို ၇-၆-၂၀၂၂ ရက်နေ့တွင် ဖွဲ့စည်းပြီးဖြစ်ပါသည်။ မူဝါဒ ၊ စံချိန်စံညွှန်းနှင့် လုပ်ထုံးလုပ်နည်းသတ်မှတ်ပြဋ္ဌာန်းရေး ကော်မတီ-၁ ကို စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှု၊ တင်သွင်း၊ တင်ပို့၊ ထုတ်လုပ်မှု ကဏ္ဍလုပ်ငန်းကော်မတီ-၂ ကို စီး/ကူး၊ အထူးသက်သာခွင့် ညှိနှိုင်းကြီးကြပ်ရေး လုပ်ငန်းကော်မတီ-၃ ကို စီမံ/ဘဏ္ဍာ၊ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ (အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | ▪ Pilot Project ကာလကို ၁ နှစ် သတ်မှတ်၍ ကုမ္ပဏီများအား ဖိတ်ခေါ်၍ EV များ တင်သွင်း အသုံးပြုနိုင်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ Charging Station များ တည်ဆောက် နိုင်ရေး၊ After Sale Services လုပ်ငန်းများကို အာမခံစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး တွေ့ဆုံ ညှိနှိုင်းဆွေးနွေး လျက်ရှိခြင်း။<br>▪ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ် နှင့် နေပြည်တော်၊ ရန်ကုန်စည်ပင်သာယာရေး နယ်နမိတ်အတွင်းရှိ Fuel Station များတွင် EV Charger များ တပ်ဆင်နိုင်ရေး Survey ပြုလုပ်ပြီး Charger ၅၁ လုံး တပ်ဆင်မည်ဖြစ်ခြင်း။ | အသုံးပြုရေးနှင့် အခြေခံအဆောက်အဦ အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီ-၄ ကို ဆောက်လုပ်ရေးနှင့် R&D နှင့် HR ဖွံ့ဖြိုးရေးအတွက် သင်တန်းများပေးခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လုပ်ငန်းကော်မတီ-၅ ကို သိပ္ပံ/နည်းပညာ မှ Focal အဖြစ် အသီးသီး တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။<br>▪ မူဝါဒကို ကာလအပိုင်းအခြား ၃ ခု ကို အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဖွံ့ဖြိုးရေးလမ်းပြမြေပုံဖြင့် ဖော်ပြ၍ ကဏ္ဍအလိုက် လိုအပ်သော အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေး ဆက်စပ်ဌာနများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ |

**အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ**

**ဆောင်ရွက်ဆဲ အခြေအနေများ (အဆက်)**

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | | ▪ ဦးဆောင်ကော်မတီထံသို့ EV Proposal တင်ပြသည့် ကုမ္ပဏီစုစုပေါင်း ၃၆ ခု ရှိပြီး၊ ဆွေးနွေးပြီး ကုမ္ပဏီ ၂၅ ခု၊ ခွင့်ပြုပြီး ကုမ္ပဏီ ၉ ခု ရှိပါသည်။ ထပ်မံ ခွင့်ပြုရန်တွေ့ဆုံပြီး ကုမ္ပဏီ ၁၆ ခု ရှိရာ ခွင့်ပြုနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေး ပြီးဖြစ်ပါသည်။<br>▪ ကုမ္ပဏီများထဲမှ သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကုမ္ပဏီ ၆ ခုကို ယာဉ်များ တင်သွင်းခွင့် ၊ Charging Station များ တည်ဆောက်ခွင့်ကို လုပ်ထုံးလုပ်နည်း များနှင့်အညီ ခွင့်ပြုခဲ့ပြီးဖြစ်ပြီး။ ၎င်းတို့ အနက် Earth Renewable Energy ကုမ္ပဏီမှ ရန်ကုန်-နေပြည်တော် အမြန် လမ်းပေါ် ဝ မိုင်၊ ၁၁၅ မိုင် နှင့် ၂၀၀ မိုင် တို့တွင် လုပ်ငန်းများ စတင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၃။ | "အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေ" အား "အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ" အဖြစ် ပြင်ဆင်ဖြည့် စွက်ပြဋ္ဌာန်း နိုင်ရေး ဆက်လက် ဆောင်ရွက် ရန်၊ | ▪ MSME လုပ်ငန်း ကော်မတီ၊<br>▪ တာဝန်ခံဝန်ကြီး ဌာန (စက်မှု) | **MSMEလုပ်ငန်းကော်မတီ/ စက်မှုဝန်ကြီး ဌာန**<br>▪ ဥပဒေပြင်ဆင်ရေးအဖွဲ့/ ကော်မတီ ဖွဲ့ စည်းခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန များမှ ကော်မတီအဖွဲ့ဝင်များ ဥပဒေ ပြင်ဆင်ရေးဆွေးနွေးခြင်း၊<br>▪ ဥပဒေအား ပြန်လည်သုံးသပ်၍ အား နည်းချက်၊ အားသာချက်များ၊ လိုအပ် ချက်များ ဖော်ထုတ်ခြင်း၊<br>▪ ပြင်ဆင်သည့်ဥပဒေမူကြမ်း တစ်ရပ် ပေါ်ထွက်လာရန် ပြုစုတင်ပြခြင်း၊ | **MSMEလုပ်ငန်းကော်မတီ/စက်မှုဝန်ကြီး ဌာန**<br>▪ ဥပဒေပြင်ဆင်ရေးအဖွဲ့ ဖွဲ့စည်းပြီး ဖြစ်ပါသည်။<br>▪ (၁၁.၁.၂၀၂၃) ရက်နေ့တွင် ပထမအ ကြိမ် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ ပြီး၊ အဆိုပါအစည်းအဝေး၌ ဥပဒေ ပြင်ဆင်ရေး အဖွဲ့ဝင်များအား သဘောထားမှတ်ချက်များ တောင်း ခံထားပါသည်။ စုစည်း၍ ဆက်လက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွား ပါမည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၅။ | အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက် ရန်ပုံငွေတစ်ရပ် တည်ထောင်နိုင်ရန်၊ | ▪ MSME လုပ်ငန်းကော်မတီ၊<br>▪ စီမံ/ဘဏ္ဍာ၊<br>▪ စက်မှု | **MSME လုပ်ငန်းကော်မတီ/ စက်မှု**<br>▪ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါ၍ အစည်းအဝေးများ ခေါ်ယူကျင်းပပြီး ရန်ပုံငွေတစ်ရပ်ထူထောင်နိုင်ရန် ဆောင်ရွက်ခြင်း၊ | **MSME လုပ်ငန်းကော်မတီ/ စက်မှု**<br>▪ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအခြားစာရင်းရှင် Union Fund Account (Other Account) UFA(OA) စာရင်း ဖွင့်လှစ်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ ကြိုတင်ခွင့်ပြုချက်ရရှိထားပြီး ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ (အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၅။ | | | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**<br>▪ အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏ ထောက်ပံ့ငွေ၊ ပြည်တွင်း/ ပြည်ပ ငွေကြေးအဖွဲ့အစည်းများမှ အကူအညီရရှိငွေ၊ အလှူရှင်များက လှူဒါန်းငွေ၊ မိမိဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ဆောင်ခရရှိငွေတို့နှင့် ထူထောင်ထားရှိဆောင်ရွက်ခြင်း။ | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**<br>▪ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ထူထောင်နိုင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် ထောက်ပံ့ငွေ အသုံးစရိတ် ပြည်တွင်းအထောက်အပံ့ခံ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများအား ထောက်ပံ့ငွေခေါင်းစဉ်အောက်၌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေသို့ ထောက်ပံ့ခြင်းအတွက် ကျပ် ၁၇၀ ဘီလီယံကို လျာထားပြီးဖြစ်ပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ (အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၅။ | | | ▪ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းပြီး ဖြစ်ပါသဖြင့် စက်မှုဝန်ကြီးဌာနက "အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ" ထူ ထောင်ပြီးပါကပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ အခြားစာရင်းရှင် UFA (OA) စာရင်းသို့ ထောက်ပံ့ငွေအဖြစ် လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးမည်ဖြစ်ခြင်း။ | ▪ ၂၈-၁၂-၂၀၂၂ ရက်နေ့တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ကျင်းပပြီး ဖြစ်ပါသည်။<br>▪ MSME လုပ်ငန်းများသို့ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို အတည်ပြုထုတ်ပြန်နိုင်ရေးမြန်မာ့စီးပွားရေးဘဏ်မှ ဆောင်ရွက်လျက်ရှိပါသည်။<br>▪ SME ဥပဒေပုဒ်မ(ဂ)ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာဘဏ္ဍာရေး စည်းမျဉ်းထုတ်ပြန်နိုင်ရေး စက်မှုဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိပါသည်။<br>▪ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အောက်တွင် ထပ်မံဖွဲ့စည်းရန်လိုအပ်သည့်အထောက်အကူပြုလုပ်ငန်းအဖွဲ့ငယ်များဖြစ်သည့် "ရန်ပုံငွေရရှိသုံးစွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့"၊ "ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့"၊ "ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းအဖွဲ့" ဟူ၍ အဖွဲ့ (၃) ဖွဲ့ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ |

**အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ**

**ဆောင်ရွက်ဆဲအခြေအနေများ**

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၆။ | ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်း၌ ထုတ်လုပ်သည့် လူသုံးကုန်၊ စားသောက်ကုန်၊ အဝတ်အထည်လုပ်ငန်းများကို ဦးစားပေးအားပေးကူညီ မြှင့်တင်ခြင်း ဆောင်ရွက်ပေးရန်၊ | ▪ MSME လုပ်ငန်း ကော်မတီ၊<br>▪ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊<br>▪ UMFCCI | **MSME လုပ်ငန်းကော်မတီ**<br>▪ ဆုံးဖြတ်ချက် အမှတ်စဉ် (၁) အရ လုပ်ငန်းများအလိုက် (လူသုံးကုန်၊ စားသောက်ကုန်၊ အဝတ်အထည်) များ အစီအမံများရေးဆွဲပြီးပါက ထိုအစီအမံများအတိုင်း အားပေးမြှင့်တင်ခြင်းလုပ်ငန်းများကို ဒေသဆိုင်ရာအေဂျင်စီများမှ ဆက်လက်အကောင်အထည်ဖော်ခြင်း။ | **MSME လုပ်ငန်းကော်မတီ**<br>▪ အေဂျင်စီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးတွင် ဒေသဆိုင်ရာ အေဂျင်စီများမှ အမှာစာများအဖြစ် ထည့်သွင်းဆွေးနွေးခဲ့ပါသည်။<br>▪ ဒေသဆိုင်ရာအေဂျင်စီများအနေဖြင့်လည်း ဒေသနှင့်ကိုက်ညီသည့် ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ |
| | | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**<br>▪ **စိုက်ပျိုးရေးကဏ္ဍ**၌ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း နည်းလမ်းများကို စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိခြင်း၊ GAP Certificate ပေးနိုင်ရေးနှင့် ရော်ဘာကုန်ပစ္စည်း ထုတ်လုပ်ခြင်း နည်းပညာသင်တန်းများ ဆောင်ရွက်သွားမည် ဖြစ်ခြင်း။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**<br>▪ ရိတ်သိမ်းချိန်လွန် နည်းပညာပေးသင်တန်းကျောင်း (ထုံးဖို)နှင့် ရိတ်သိမ်းချိန်လွန် သုတေသနဌာန (ရေဆင်း) တွင် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းနှင့် သုတေသနများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ |

# အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ဆဲအခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၆။ | | | ▪ အသားကဏ္ဍ၌ ပြည်ပသွင်းကုန် အစားထိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ခြင်း။ | ▪ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံ စိုက်ခင်းများ၊ ဥယျာဉ်ခြံများကို ကွင်းဆင်းစစ်ဆေးပြီး GAP Certificate ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။<br>▪ ရော်ဘာကုန်ပစ္စည်း ထုတ်လုပ်ခြင်းနည်းပညာသင်တန်းအား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။<br>▪ အသားကဏ္ဍအနေဖြင့် အအေးခန်း စက်ရုံများတည်ထောင်နိုင်ရေး၊ ကျွမ်းကျင်လုပ်သားများလေ့ကျင့်သင်ကြားပေးနိုင်ရေး၊ ဈေးကွက်ဖော်ဆောင်နိုင်ရေး စသည့်တို့အတွက် မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ် နှင့် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၊ မွေးမြူသူများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ |

**အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ**

**ဆောင်ရွက်ဆဲအခြေအနေများ (အဆက်)**

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၆။ | | | ▪ **ငါးကဏ္ဍ**၌ အစားအစာ ဘေး အန္တရာယ် ကင်းရှင်းစေရေးနှင့် အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် နည်းပညာများ ဖြန့်ဝေခြင်း၊ သင်တန်းများ ပို့ချခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ခြင်း။ | ▪ ရန်ပုံငွေများကို လွှဲပြောင်းလက်ခံရန် ဆောင်ရွက်နေဆဲဖြစ်သည့်အတွက် လုပ်ငန်းများ စတင်နိုင်ခြင်း မရှိသေးပါ။ |
| | | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**<br>(က) တန်ဖိုးမြင့် သစ်ချောထည်နှင့် ပရိဘောဂပစ္စည်းများ ပြည်ပတင်ပို့ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ သစ်တော ထောက်ခံချက်ထုတ်ပေးခြင်း၊ | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**<br>▪ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျွန်း (၂၁, ၉၉၆.၀၇၄၃၈)တန်၊ သစ်မာ (၃,၂၈၈.၀၂၁၇) တန်၊ အခြား (၂၂,၇၂၁.၄၉၆၆)တန်၊ ဝါးဖျာ (၁၁၂,၂၁၁) ပန်းထိုးတုတ် (၆၆,၇၀၀, ၀၀၀)၊ ဝါးခြမ်းစိတ်(၂,၆၆၆,၇၀၀)၊ ဝါးလုံး (၆,၀၀၀)၊ ကြိမ်အချောထည်ပစ္စည်း (၄၉၄,၅၈၅)၊ ကြိမ်လုံး (၈၄,၅၀၀) ပြည်ပတင်ပို့ရန် သစ်တော ထောက်ခံချက်ထုတ်ပေးခဲ့ပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲအခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့် အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၆။ | | | - | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**<br>▪ စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဆင့်မြင့်နည်းပညာများ ဖြန့်ဝေနိုင်ရေးအတွက် UMDCCI ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။<br>▪ ဒေသတွင်းလူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များအား ပြည်ပတင်ပို့ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်စေရေးအတွက် ကုန်အမှတ်တံဆိပ်များ ပြည့်စုံမှန်ကန်မှုရှိစေရေး ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းလုပ်ငန်းရှင်များမှ ၎င်းတို့၏ အခက်အခဲများတင်ပြလာသည့်အခါတွင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဖြေရှင်းပေးမှုများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံ လမ်းညွှန်မှုခံယူ၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ဆဲအခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၆။ | | | **ကျန်းမာရေးဝန်ကြီးဌာန**<br>▪ MSME တွင် အစားအသောက်လုပ်ငန်းများမှ အဓိကပြည်တွင်းတွင် ထုတ်လုပ်နေသော စားသုံးဆီ ထုတ်လုပ်ခြင်းအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေး ပြည့်ဝသော ပင်ကိုယ်သဘာဝ စစ်မှန်မှုရှိသော စားသုံးဆီများ ထုတ်လုပ်နိုင်ရန်၊ စားသုံးဆီစက်ရုံများတွင် GMP, GHP ဖြင့် ထုတ်လုပ်နိုင်ရန် သင်တန်းများပေးခြင်း၊ စားသုံးဆီ အရည်အသွေးစစ်မှန်မှုအား စစ်ဆေးသောနည်းလမ်းများအား တပြေးညီ ဖြစ်စေရေးနှင့် စစ်ဆေးနိုင်ရေး သင်တန်းများပေးခြင်း၊ | **ကျန်းမာရေးဝန်ကြီးဌာန**<br>▪ (၅.၁၂.၂၀၂၂)ရက်နေ့မှ (၉.၁၂.၂၀၂၂) ရက်နေ့အထိ ရန်ကုန် FDA ဓာတ်ခွဲဌာနတွင် စားသုံးဆီ အရည်အသွေး စစ်ဆေးခြင်းသင်တန်းအား သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နှင့် ပညာရေးဝန်ကြီးတို့ရှိ အစားအသောက်စစ်ဆေးသော ဓာတ်ခွဲဝန်ထမ်းများ၊ ပုဂ္ဂလိက ဓာတ်ခွဲခန်းများ ဖြစ်သော MITS, FIDSL နှင့် MFLN တို့ရှိ ဓာတ်ခွဲခန်းများ မှ ဓာတ်ခွဲဝန်ထမ်း (၄၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ဆဲ အခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၇။ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ (FDI)၊ အကြီးစားစက်မှု လုပ်ငန်းများနှင့် ပြည်တွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်း များ (MSME) နှင့် ချိတ်ဆက်ဆောင် ရွက်နိုင်ရန်၊ တန်ဖိုးမြှင့်ထုတ်လုပ်မှု ကွင်းဆက် တစ်လျှောက်တွင် ထောက်ပံ့ ထုတ်လုပ်ပေးနိုင်မည့် MSME များ ဖွံ့ဖြိုးတိုးတက်လာစေ ရန် အစီအစဉ်များ ဆောင်ရွက်ပေး ရန်၊ | ▪ MSME လုပ်ငန်း ကော်မတီ၊<br>▪ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊<br>▪ UMFCCI | **MSME လုပ်ငန်းကော်မတီ**<br>▪ ဦးစားပေးစက်မှုလုပ်ငန်း များ ရွေးချယ်သတ်မှတ် ခြင်း၊<br>▪ ဦးစားပေး လုပ်ငန်းအလိုက် FDI, Large Industry နှင့် ပြည်တွင်း MSME များ ချိတ်ဆက်မှု အစီအစဉ်များ ရေးဆွဲခြင်း၊<br>▪ ရေးဆွဲနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့ အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ရန်နှင့် အစည်း အဝေးများ ခေါ်ယူ ဆောင်ရွက်ခြင်း၊ | **MSME လုပ်ငန်းကော်မတီ**<br>▪ အဂျင်စီအစည်းဝေးတွင် စက်မှုချိတ်ဆက် ဆောင်ရွက်မှုအစီအစဉ် (မူကြမ်း)အား ဆွေး နွေးပြီးဖြစ်ပါသည်။ |

## ဆောင်ရွက်ဆဲ အခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၇။ | | | **ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**<br>▪ FDI စာရင်းများနှင့် MSME စာရင်းများ စိစစ်နိုင်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် စာရင်းများ စုစည်းလျက်ရှိခြင်း။ | **ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**<br>▪ ပြည်တွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်း MSME လုပ်ငန်းများက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်နိုင်မည့် Supporting Industries များဖြစ်လာရန်နှင့် ၎င်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကမ္ဘာ့ဈေးကွက်နှင့်ချိတ်ဆက်ပေးရန် ဆောင်ရွက်သည့်အနေဖြင့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် "တတိယအကြိမ် ရုရှား-မြန်မာအစိုးရ အချင်းချင်း ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်အစည်းအဝေး" ၌ Business Matching တစ်ရပ်ကို ကျင်းပဆောင်ရွက်ခဲ့ပါသည်။ |

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

ဆောင်ရွက်ဆဲ အခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၇။ | | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**<br>▪ **မွေးမြူရေးကဏ္ဍ** ၌ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူ စီးပွားရေး လုပ်ငန်းရှင်များနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားမည်ခြင်း။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**<br>▪ **မွေးမြူရေးကဏ္ဍ** အနေဖြင့် မွေးမြူရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများအနေဖြင့် တိရစ္ဆာန်မျိုးများထုတ်လုပ်ခြင်း၊ တိရစ္ဆာန်အစာနှင့် ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းများတွင် နိုင်ငံခြားသားပိုင်နှင့် နိုင်ငံသားပိုင် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်မျိုးကြက်ဥ၊ ကြက်ပေါက်၊ မျိုးဝက်နှင့် ဝက်သားပေါက်များ၊တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးတို့ကို ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိပါသည်။ |

**အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ**

**ဆောင်ရွက်ဆဲ အခြေအနေများ(အဆက်)**

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၇။ | | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**<br>(က) MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်အခြေခံ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ ညှိနှိုင်းဆွေးနွေးခြင်း၊<br>(ခ) ကြိမ်/ဝါး လုပ်ငန်းရှင်များ အတွက် ကြိမ်/ ဝါး လိုအပ်ချက် ထုတ်လုပ်ခွင့်ပြုပေးခြင်း၊<br>(ဂ) အခြေခံသတ္တုပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**<br>▪ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ လုပ်ငန်းရှင် (၆၂)ဦးအား တွေ့ဆုံဆွေးနွေးခဲ့ပါသည်။<br>▪ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလကုန်) အထိ ကြိမ်လုံးရေ ထောင်ပေါင်း (၄.၄၁၂)၊ ဝါးလုံးရေ ထောင်ပေါင်း (၉၆,၀၀၄) ထုတ်လုပ် ခွင့်ပြုပြီးဖြစ်ပါသည်။<br>▪ အခြေခံသတ္တုပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေသော လုပ်ငန်းများ၏ ဓာတ်သတ္တုကုန်ကြမ်းပစ္စည်းများ ရရှိရေးအတွက် ဌာနပိုင်မှ ရောင်းချပေးနိုင်သည်များ ရောင်းချပေးခြင်း၊ ရောင်းချပေးနိုင်မှုမရှိသည်များကို ပြည်တွင်းထုတ်လုပ်သူများထံမှ ဝယ်ယူရရှိရေး ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ အခြားလိုအပ်ချက်များရှိပါက ညှိနှိုင်းပေါင်းစပ်ပေးခြင်းများ ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၇။ | | | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**<br>▪ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ(FDI)၊ အကြီးစားစက်မှုလုပ်ငန်းများနှင့် ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များမှ လျှပ်စစ်ဓာတ်အားသုံးစွဲရန် လျှောက်ထားလာပါက ဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံများအား ခွင့်ပြုပေးသွားမည်ဖြစ်ခြင်း။<br>▪ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိအစီအစဉ်ဖြင့် Roof Top Solar စနစ်များ တပ်ဆင်၍ ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် System Improve-ment (SI) လုပ်ငန်းများကိုလည်း လျာထား ဆောင်ရွက်သွားမည်ဖြစ်ခြင်း။ | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**<br>▪ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ (FDI)၊ အကြီးစားစက်မှုလုပ်ငန်းများနှင့် ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များမှ လျှပ်စစ်ဓာတ်အားသုံးစွဲ ရန် လျှောက်ထားလာပါက ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများအား ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။<br>▪ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိအစီအစဉ်ဖြင့် Roof Top Solar စနစ်များ တပ်ဆင်၍ ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။<br>▪ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင်လည်း System Improvement (SI) လုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ ဆောင်ရွက်ဆဲ အခြေအနေများ(အဆက်)

| စဥ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၇။ | | | **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန**<br>▪ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် “အသေး‌စား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း” ကို သင်တန်းသားပုဂံမြို့၊နေပြည်တော်တွင်ဖွင့်လှစ်ပို့ချသွားရန် စီစဥ် ဆောင်ရွက်လျက်ရှိခြင်း။<br>▪ တိုင်းဒေသကြီး/ ပြည်နယ်များမှ ခရီး သွားနယ်ပယ်အတွင်းရှိ လုပ်ငန်းရှင်များအား MSME တာဝန်ခံများမှ အသိပညာပေးခြင်း၊ နည်းပညာပေးခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းတို့အား ပြုလုပ်နိုင်ရေးညှိနှိုင်းဆောင်ရွက်လျက်ရှိခြင်း။ | **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန**<br>▪ “Tourism and Creative Economy” / “Seminar on MSMEs in Tourism Supply Chain”အသိပညာပေးဆွေးနွေးပွဲကို ဆက်စပ်ဌာနများ၊ တက္ကသိုလ်/ ကောလိပ်များမှ ဆရာ/ ဆရာမများနှင့် ဌာနမှဘာသာရပ်ဆိုင်ရာ၏ အရာထမ်းများမှ ဆွေးနွေးဟောပြောမှုများ ကျင်းပပြုလုပ်ခဲ့ပါသည်။<br>▪ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးခွဲများမှ လုပ်ငန်းလိုင်စင်(၄)မျိုး အဆင်ပြေချောမွေ့စွာ ထုတ်ပေးနိုင်ရေး စီစဥ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ဆက်စပ်ဌာနများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ဆဲ အခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၈။ | အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက် စေရေးအတွက် ကဏ္ဍ အလိုက် လိုအပ်သော ကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးနိုင်မည့် အစီအစဉ်များ ဆောင်ရွက်ပေးရန်၊ | ▪ သမ/ကျေးလက်၊<br>▪ စက်မှု၊<br>▪ အလုပ်သမား၊<br>▪ ပညာရေး၊<br>▪ သိပ္ပံ/နည်းပညာ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန**<br>▪ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက် စေရေးအတွက် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန် ၊ စက်မှု၊ လက်မှုနှင့် ရက်ကန်းဆိုင်ရာကဏ္ဍ အလိုက် ကျွမ်းကျင်ပြီး တစ်ပိုင် တစ်နိုင် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်စေရန်အတွက် အသက် မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာပေးသင်တန်းများ ပို့ချ ပေး သွားမည်ဖြစ်ခြင်း။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**<br>▪ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကဏ္ဍအလိုက်လိုအပ်သော ကျွမ်းကျင် သင်တန်းသားများ မွေးထုတ်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အသက်မွေး ဝမ်းကျောင်းဆိုင်ရာသင်တန်း (၃၈၅) ကြိမ်၊ သင်တန်းသား (၆၉၉၁) ဦးတို့အား ဖွင့်လှစ် သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်။ထို့အပြင် ရုံးချုပ်၊ ယွန်းပညာကောလိပ်၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ တိုင်းဒေသကြီး/ ပြည် နယ်ရုံးများ၌ Incubation Centre များ ထူထောင်၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက် နေသူလုပ်ငန်းရှင်များနှင့် လုပ်ငန်း စတင် ထူထောင်လိုသူ လုပ်ငန်းရှင်များအတွက် နည်းပညာလွှဲပြောင်းသင်တန်းများကို ပို့ချပေး လျက်ရှိပါသည်။ |

# အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ဆဲ အခြေအနေများ (အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၈။ | | | **စက်မှုဝန်ကြီးဌာန**<br>▪ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ စက်မှုသင်တန်းကျောင်းများ (၆) ကျောင်းတွင် (၂) နှစ် သင်တန်းနှင့်(၁)နှစ် သင်တန်း (အခြေခံပညာအထက်တန်းအဆင့်) များကို ဘာသာရပ် (၁၆) မျိုး နှစ်စဉ် ဖွင့်လှစ် သင်ကြားပေးလျက်ရှိခြင်း၊<br><br>▪ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများ (အခြေခံပညာအလယ်တန်းအဆင့်)(၁၆) မျိုး ဖွင့်လှစ်ပေးလျက်ရှိခြင်း၊ | **စက်မှုဝန်ကြီးဌာန**<br>▪ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ စက်မှုသင်တန်းကျောင်းများ (၆) ကျောင်းတွင် (၂) နှစ်သင်တန်းနှင့် (၁)နှစ်သင်တန်း (အခြေခံပညာအထက်တန်းအဆင့်) များကို ဘာသာရပ် (၁၆) မျိုး နှစ်စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။<br><br>▪ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများ (အခြေခံပညာအလယ်တန်းအဆင့်) (၁၆) မျိုး ဖွင့်လှစ်ပေးလျက်ရှိပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ (အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၈။ | | | **အလုပ်သမားဝန်ကြီးဌာန**<br>▪ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည့် TVET အစီအစဉ်များ နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး သင်တန်းစီမံချက်များ ရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း။ | **အလုပ်သမားဝန်ကြီးဌာန**<br>▪ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည့် TVET အစီအစဉ်များ နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး သင်တန်းစီမံချက်များ ရေးဆွဲနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ)သို့ ညွှန်ကြားထားပြီး ညှိနှိုင်းအစည်းအဝေးများ ကျင်းပရန်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြန်လည်တင်ပြရန် ညွှန်ကြားထားပြီး ဖြစ်ပါသည်။ |

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၈။ | | | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**<br>▪ စက်မှုဝန်ကြီးဌာန၊ သင်တန်းကျောင်းများမှ သင်ကြားသည့် သီအိုရီနှင့် ဝန်ကြီးဌာနများမှ လက်တွေ့ လုပ်ဆောင်ရသည့် လုပ်ငန်းခွင်တိုးတက်လာအောင် စီမံဆောင်ရွက်ခြင်း၊ | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**<br>▪ လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ ထရန်စဖော်မာများ တည်ဆောက်ခြင်းနှင့် အိမ်တွင်းလျှပ်စစ်မီးများ သွယ်တန်းခြင်းတို့အတွက် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ချမှတ်သည့် ညွှန်ကြားချက် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီးဌာနမှ ဝန်ထမ်းများအား လုပ်ငန်းခွင် ကျွမ်းကျင်မှုရှိစေရန်အတွက် ဌာနတွင်း သင်တန်းများပို့ချခြင်း၊ လုပ်ငန်းခွင်တွင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းလုပ်ငန်းများအားသီအိုရီနှင့်အညီ စာတွေ့ပို့ချခြင်းနှင့် လက်တွေ့ ကွင်းဆင်းစေခြင်းများကို စီမံဆောင်ရွက်ပြီး လုပ်ငန်းခွင် တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ (အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၈။ | | | **ပညာရေးဝန်ကြီးဌာန**<br>▪ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေး တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ ဗန်းမော်တက္ကသိုလ် ကဏ္ဍအလိုက် လိုအပ်သော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည့် အစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊သင်တန်းများဖွင့်လှစ်နိုင်ရေးစီစဉ် ဆောင်ရွက်ခြင်း၊ | **ပညာရေးဝန်ကြီးဌာန**<br>▪ ကဏ္ဍအလိုက် လိုအပ်သော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည့် အစီအစဉ်များ၊ ဖွင့်လှစ်နိုင်ရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိပါသည်။ |
| | | | **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**<br>▪ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ ဖွင့်လှစ်မည့် လျာထား သက်မွေးပညာကာလတိုသင်တန်းစီမံချက်ရေးဆွဲတင်ပြထားခြင်း၊ | **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**<br>▪ အစိုးရ နည်းပညာကောလိပ် (၄) ကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ (၂၈) ကျောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (၃၅)ကျောင်းနှင့်သက်မွေးပညာသင်တန်းကျောင်း (၅) ကျောင်းတို့အား ဖွင့်လှစ်ထားရှိပြီး သတ်မှတ်ကာလ လျာထားသင်တန်းများ ပြည့်မီအောင် ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါသည်။ |

**အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ**

**ဆောင်ရွက်ဆဲ အခြေအနေများ**

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၉။ | အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သော သတင်းအချက်အလက်များ အလွယ်တကူ ရရှိစေရေး၊ MSME များ ဒီဂျစ်တယ်နှင့် IT နည်းပညာများကို သုံးစွဲလာနိုင်ရေး၊ (e – Payment) စနစ်များ အားကောင်းလာစေရန် ကူညီပံ့ပိုးပေးရန်၊ | ▪ ပို့/ဆက်၊<br>▪ စက်မှု၊<br>▪ ဗဟိုဘဏ် | **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန**<br>▪ မြန်မာ့မီးရထား၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာ့စာတိုက်လုပ်ငန်းတို့နှင့် ဆက်သွယ်ညှိနှိုင်းလာပါက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ခြင်း၊ MSME လုပ်ငန်းများအတွက် e– Payment စနစ်များအားကောင်းလာစေရန် မြန်မာစာတိုက်လုပ်ငန်းသုံးစွဲသူ ပြည်သူများ စာတိုက်ဝန်ဆောင်ခများကို e–Payment စနစ်ဖြင့် ပေးချေနိုင်ရန်အတွက် MPT Pay, KBZ Pay တို့မှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေး ဆောင်ရွက်လျက်ရှိခြင်း။ | **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**<br>▪ MSME လုပ်ငန်းများ လုပ်ငန်းဆောင်ရွက်မှု အထောက်အပံ့ဖြစ်စေရန်အတွက် ကုမ္ပဏီ/ အဖွဲ့အစည်း/ ဌာန (၂,၁၁၀) ခု အတွက် B2B ဖိုင်ဘာအင်တာနက်လိုင်း (၈,၀၂၂) လိုင်း နှင့် ကုမ္ပဏီ/ အဖွဲ့အစည်း/ဌာန (၄,၇၇၇) ခု အတွက် B2B Mobile SIM ကဒ် (၂၈၃,၇၀၇)ခု ဝန်ဆောင်မှုပေးထားပါသည်။<br>▪ မြန်မာ့စာတိုက်လုပ်ငန်းမှ IT နည်းပညာ သုံးစွဲ၍ epost System ဖြင့် MSME လုပ်ငန်းများ၏ ထုတ်ကုန်များကို တစ်နိုင်ငံလုံးသို့ အချိန်နှင့် တစ်ပြေးညီပေးပို့နိုင်ရန် လက်ခံပေးဝေဆောင်ရွက်လျက်ရှိပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | **စက်မှုဝန်ကြီးဌာန**<br>▪ MSME လုပ်ငန်းရှင်များအလိုက် လိုအပ်သည့် ဒီဂျစ်တယ်နည်းပညာများကို ဖော်ထုတ်ခြင်း၊<br>▪ e-market Platform များ၊ e-payment စနစ်များသုံးစွဲလာရေး အသိပညာပေးခြင်းနှင့် စနစ်များ အားကောင်းလာစေရေး သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း ၊<br>▪ E-Market Place for Myanmar Products Platform တစ်ခုထူထောင်ပြီးဖြစ်ပါ၍ ပြသရောင်းချမည့် MSME လုပ်ငန်းရှင်အရေအတွက် ထပ်မံတိုးမြှင့်လာစေရေးနှင့် ဝယ်ယူသူ အရေအတွက် တိုးတက်လာစေရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိခြင်း၊ | **စက်မှုဝန်ကြီးဌာန**<br>▪ E-Market Place for Myanmar Products Platform အမည်ဖြင့် Platform တစ်ခုကို ထူထောင်ပြီး (၂၆.၁၁.၂၀၂၂) ရက်နေ့မှစ၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။<br>▪ E-Market Place for Myanmar Products Platform တွင် စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန် (၃၃)မျိုးနှင့် MSME လုပ်ငန်း (၁၀၁) ခုတို့၏ ထုတ်ကုန် (၂၆၂) မျိုးတို့ကို ပြသရောင်းချလျက်ရှိပါသည်။ Platform သို့ ဝင်ရောက်ကြည့်ရှုသူနှင့် ဝယ်ယူသူ အရေအတွက်မှာ (၂၅၀) ဦးခန့် ရှိပြီးဖြစ်ပါသည်။ ပြသရောင်းချမည့် MSME လုပ်ငန်းရှင်အရေအတွက် ထပ်မံတိုးမြှင့်လာစေရေးနှင့် ဝယ်ယူသူအရေအတွက် တိုးတက်လာစေရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲ အခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | **ပြန်ကြားရေးဝန်ကြီးဌာန**<br>▪ နိုင်ငံပိုင်မီဒီယာများတွင်မြန်မာနိုင်ငံ၏ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက်သတင်းထုတ်ပြန်ခြင်း၊ ကဏ္ဍအလိုက် Program များ ရိုက်ကူးထုတ်လွှင့်တင်ဆက် အသိပညာပေးခြင်းများဖြင့် မူလလုပ်ဆောင်နေမှုများထက် ပိုမိုတိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ခြင်း၊ | **ပြန်ကြားရေးဝန်ကြီးဌာန**<br>▪ နိုင်ငံပိုင်မီဒီယာများတွင် မြန်မာနိုင်ငံ၏ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် သတင်းထုတ်ပြန်ခြင်း၊ ကဏ္ဍအလိုက် Program များ ရိုက်ကူးထုတ်လွှင့်တင်ဆက် အသိပညာပေးခြင်းများဖြင့် မူလလုပ်ဆောင်နေမှုများထက် ပိုမိုတိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | **စက်မှုဝန်ကြီးဌာန**<br>▪ MSME လုပ်ငန်းရှင်များအလိုက် လိုအပ်သည့် ဒီဂျစ်တယ်နည်းပညာများကို ဖော်ထုတ်ခြင်း၊<br>▪ e-market Platform များ၊ e-payment စနစ်များ သုံးစွဲလာရေး အသိပညာပေးခြင်းနှင့် စနစ်များအား ကောင်းလာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း ၊<br>**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**<br>▪ MSME လုပ်ငန်းများသည် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ ရောင်းချ/ဝယ်ယူသည့်အခါ ဒီဂျစ်တယ်နည်းလမ်းဖြင့် ငွေလွှဲပြောင်း/လက်ခံခြင်းလုပ်ငန်းများကို ဘဏ်၊အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် တွဲဖက်ပြီး ဆောင်ရွက်လျက်ရှိခြင်း။ | **စက်မှုဝန်ကြီးဌာန**<br>▪ E-Market Place for Myanmar Products အမည်ဖြင့် Platform တစ်ခုကို ထူထောင်ပြီး(၂၆.၁၁.၂၀၂၂) ရက်နေ့မှစ၍ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီး မှ လုပ်ငန်းရှင် (၁၀၀)ဦးတို့၏ထုတ်ကုန်များကို ကြော်ငြာထည့်သွင်း၍ စတင် ရောင်းချလျက်ရှိပါသည်။ MSME လုပ်ငန်းရှင် အရေအတွက် ထပ်မံတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်။<br>**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**<br>▪ MSME လုပ်ငန်းများသည် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများရောင်းချ/ဝယ်ယူသည့်အခါ ဒီဂျစ်တယ်နည်းလမ်းဖြင့် ငွေလွှဲပြောင်း/လက်ခံခြင်းလုပ်ငန်းများကို ဘဏ်၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ နှင့် တွဲဖက်ပြီး ဆောင်ရွက်လျက်ရှိပါသည်။ |

# အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ဆဲ အခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၁၀။ | အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်နိုင်ရေးအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးပေးသည့် အစီအစဉ်များ ဆောင်ရွက်ပေးရန်၊ | ▪ MSME လုပ်ငန်း ကော်မတီ၊<br>▪ စီမံ/ဘဏ္ဍာ၊<br>▪ စက်မှု | **MSME လုပ်ငန်း ကော်မတီ**<br>▪ MSME ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်း၊ ရန်ပုံငွေသုံးစွဲမှု ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများရေးဆွဲအတည်ပြုခြင်း၊<br>▪ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများအတိုင်း ငွေကြေးပံ့ပိုးပေးနိုင်ရေး အစီအစဉ်များ ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ | **လုပ်ငန်းကော်မတီ**<br>▪ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အခြားစာရင်းရှင် Union Fund Account (Other Account) UFA(OA) စာရင်းဖွင့်လှစ်နိုင်ရန်အတွက်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ |
| | | | | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**<br>▪ MSME ရန်ပုံငွေတည်ထောင်ပြီးပါကဦးစားပေးကဏ္ဍလုပ်ငန်းများဖြစ်သည့် SME ဥပဒေပုဒ်မ (၂၈) ပါ အောက်ပါချေးငွေအမျိုးအစားများကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပါမည်-<br>(က) တီထွင်ဆန်းသစ်မှုကို အားပေးသောချေးငွေ |

## ဆောင်ရွက်ဆဲ အခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | | (ခ)အရည်အသွေးမြင့်မားတိုးတက်မှုဆိုင်ရာ ချေးငွေ<br>(ဂ)တန်ဖိုးမြင့်ထုတ်ကုန်လုပ်ငန်းများဆိုင်ရာ ချေးငွေ<br>(ဃ)အတိုးနှုန်းသက်သာသောချေးငွေ<br>(င)ပို့ကုန်မြှင့်တင်ရေးအားပေးသောချေးငွေ<br>(စ)လူငယ်နှင့် အမျိုးသမီးလုပ်ငန်းရှင်များကို အားပေးသောချေးငွေ<br>▪ ချေးငွေ ထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ရေးဆွဲ၍ MSME ရန်ပုံငွေစီမံခန့်ခွဲရေး အဖွဲ့သို့ တင်ပြထားပြီး မြန်မာ့စီးပွားရေး ဘဏ်မှ ချေးငွေဆိုင်ရာ လုပ်ငန်းအဖွဲ့အဖြစ် ဆောင်ရွက်၍ Participating Financial I nstitutions (PFIs) ဘဏ်များမှ တစ်ဆင့် ချေးငွေများထုတ်ချေးနိုင်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေသို့ ထောက်ပံ့ခြင်းအတွက် ကျပ် ၁၇၀ ဘီလီယံ ကို လျာထားပြီးဖြစ်ခြင်း၊ |

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | | စက်မှုဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းကို အတည်ပြုထုတ်ပြန်နိုင်ရေး၊အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ထူထောင်ရေး အတွက်လိုအပ်သည်များဆောင်ရွက်နိုင်ပါရန် နှင့် ညှိနှိုင်းအကြောင်းကြားခြင်း၊ MSME ရန်ပုံငွေကျပ် ၁၇၀ ဘီလီယံအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂) မှ ခွင့်ပြုပြီးဖြစ်ပါသဖြင့် MSME ရန်ပုံငွေ OA စာရင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ အထောက်အကူပြုလုပ်ငန်း အဖွဲ့ငယ်များဖြစ်သည့် "ရန်ပုံငွေရရှိသုံးစွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့"၊ "ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့"၊ "ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းအဖွဲ့" ဟူ၍ အဖွဲ့(၃)ဖွဲ့ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ |

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ
(၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ
ဆောင်ရွက်ဆဲ အခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၁၁။ | တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အလားအလာရှိသော ဒေသထွက်ကုန် ပစ္စည်းများအား ဦးစားပေး ထုတ်ကုန်များအဖြစ် ရွေးချယ်သတ်မှတ်၍ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်များ ဆောင်ရွက်ရန်၊ | ▪ စက်မှု၊<br>▪ နေပြည်တော်ကောင်စီ၊<br>▪ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များ အားလုံး | **MSME လုပ်ငန်းကော်မတီ/ ဒေသဆိုင်ရာအေဂျင်စီများ**<br>▪ ဗဟိုအေဂျင်စီမှဦးစီး၍ ဒေသဆိုင်ရာအေဂျင်စီများမှအလားအလာရှိသည့် ထုတ်ကုန်များ ဖော်ထုတ်ခြင်း၊<br>▪ အလားအလာရှိသည့် ထုတ်ကုန်များမှ ရွေးချယ်၍ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်၊ အားပေးမြှင့်တင်ပေးမည့် အစီအမံများ ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ | **MSME လုပ်ငန်းကော်မတီ/ ဒေသဆိုင်ရာ အေဂျင်စီများ**<br>▪ (၁/၂၀၂၃)ကြိမ်မြောက် အေဂျင်စီ အစည်းအဝေးတွင် အလားအလာရှိသည့် ထုတ်ကုန်များရွေးချယ်သတ်မှတ်၍ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်များ အကောင်အထည်ဖော်နိုင်ရေးကိုအမှာစာများအဖြစ် ဆွေးနွေးထားပြီး ဒေသဆိုင်ရာ အေဂျင်စီနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။<br>**ကချင်ပြည်နယ်**<br>▪ ပူတာအိုတွင် ဂရိတ်ဖရု၊ မြစ်ကြီးနားတွင် ကချင်ရိုးရာအထည်၊ဝိုင်းမော်တွင် နာနတ်သီးနှင့် ဗန်းမော်တွင် ချဉ်စော်ကားသီး<br>**ကယားပြည်နယ်**<br>▪ လွိုင်ကော်ခရိုင်တွင် ပြောင်း၊ ဝက်အူချောင်း ၊ ဒီမော့ဆိုခရိုင်တွင် ဆန်မွှေးအဆင့်မြင့်ပြုပြင်ထုတ်လုပ်ခြင်း၊ ဘောလခဲခရိုင်တွင် 38 |

## ဆောင်ရွက်ဆဲ အခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | | နှမ်းဆီ၊ နှမ်းနက် အဆင့်မြင့်တင်၍ ပြည်ပသို့ ရောင်းချခြင်း<br>**ကရင်ပြည်နယ်**<br>▪ သံတောင်ကြီးဒေသတွင်ကော်ဖီလုပ်ငန်း၊လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာတွင် ဆီစက်လုပ်ငန်း၊ ဘားအံမြို့နယ်တွင် ဆန်စက်လုပ်ငန်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင်ရှောက်သီး၊သံပုရာသီး၊မြဝတီမြို့နယ်တွင် အသားပြားလုပ်ငန်း<br>**မွန်ပြည်နယ်**<br>▪ မွန်ပြည်နယ် ရာဘာလုပ်ငန်း၊ မော်လမြိုင်တွင် မွန်ရိုးရာ အဝတ်အထည်လုပ်ငန်း၊ မုဒုံမြို့နယ်တွင် မုဒုံစောင်နှင့် ရက်ကန်းလုပ်ငန်း၊ ကျိုက်ထိုမြို့နယ်တွင် သစ်သီးယိုမျိုးစုံလုပ်ငန်း၊ ဘီးလင်းမြို့နယ်တွင် ဝါးနှင့်ပတ်သက်သောလုပ်ငန်း၊ ချောင်းဆုံမြို့နယ်တွင် သစ်သားပန်းပုလုပ်ငန်း၊သံဖြူဇရပ်မြို့နယ်တွင် ဆားလုပ်ငန်း၊ ရေးမြို့နယ်တွင် ဒူးရင်းသီး |

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

(၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

ဆောင်ရွက်ဆဲ အခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | | **ရှမ်းပြည်နယ်**<br>▪ အင်းလေးဒေသတွင် ပင်လောင်းလက်ဖက်ခြောက်၊ ရွာငံတွင် ကော်ဖီ၊ ဟိုပုံးတွင် ထောပတ်သီး၊ ရပ်စောက်တွင် စိန်တလုံးသရက်၊ ဆိုက်ခေါင်တွင် နာနတ်၊ ဟဲဟိုးတွင် အာလူး<br>**ပြည်ထောင်စုနယ်မြေ (နေပြည်တော်)**<br>▪ ဇေယျာသီရိမြို့နယ်တွင် တဲကုန်းကျေးရွာတွင် မျှစ်လုပ်ငန်း ကျန်(၈)မြို့နယ်တွင် OVOP ပေါ်ပေါက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိပါသည်။<br>**ရန်ကုန်တိုင်းဒေသကြီး**<br>▪ တိုက်ကြီးမြို့နယ်၊ လိမ္မော်သီးအဖြစ် ရွေးချယ်ထားပါသည်။<br>**ဧရာဝတီတိုင်းဒေသကြီး**<br>▪ အဆင့်မြင့်ဆန်နှင့် ပေါင်းဆန်လုပ်ငန်း၊ ရေထွက်ပစ္စည်းနှင့် ဒေသထွက်စားသောက်ကုန်လုပ်ငန်း၊ ကြိမ်၊ ဝါး၊ ဖေဒါမှ လူသုံးကုန်ပစ္စည်းမျိုးစုံလုပ်ငန်း၊ စပါးခွံ လောင်စာတောင့်ထုတ်လုပ်မှုလုပ်ငန်း |

# အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ဆဲအခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၁၃။ | သမဝါယမ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် ပူးပေါင်း၍ ကျွမ်းကျင်မှုသင်တန်းများပေးနိုင်အောင် ဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများသည် အမှန်တကယ်အောင်မြင်ရေး ဆောင်ရွက်ရန်၊ | ▪ MSME လုပ်ငန်း ကော်မတီ၊<br>▪ သမ/ ကျေးလက်၊<br>▪ စက်မှု | **MSME လုပ်ငန်း ကော်မတီ**<br>▪ MSME လုပ်ငန်းခွင်ကျွမ်းကျင်မှု လိုအပ်ချက်များအား ဖော်ထုတ်ခြင်း၊<br>▪ SSID မှ သင်ကြားပေးနေသောအိမ်တွင်းစက်မှုလုပ်ငန်းများ၊ သင်တန်းများ၊ အခြားသောဝန်ကြီးဌာနများမှ သင်ကြားပို့ချပေးနေသော သင်တန်းများ စာရင်းပြုစု၍ Webportal ပေါ်တွင် အများပြည်သူသိရှိရန် တင်ပြခြင်း၊ | **MSME လုပ်ငန်း ကော်မတီ**<br>▪ Webportal အပေါ်တွင် ဝန်ကြီးဌာနများမှ သင်ကြားပို့ချပေးနေသော သင်တန်းများ စာရင်းပြုစု၍ အများပြည်သူများ သိရှိနိုင်ရန်အတွက် ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါသည်။<br>▪ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်သင်တန်းများ ပြုလုပ်ပေးလျက်ရှိပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲအခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**<br>▪ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေးနှင့်အောင်မြင်မှုရှိစေရေး အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိခြင်၊ ထုတ်ကုန်များကို ပြည်တွင်း / ပြည်ပဈေးကွက်သို့ ရောင်းချနိုင်ရန်အတွက် ထုတ်ကုန်ပြပွဲ၊ပြိုင်ပွဲများကျင်းပပေးခြင်းနှင့် ဈေးကွက်ရှာဖွေရေးတို့ကို ဆောင်ရွက်ပေးသွားမည် ဖြစ်ခြင်း၊ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**<br>▪ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် အသစ်ခန့်အပ်ထားသောဝန်ထမ်းများအား လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန်အတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။<br>▪ အရည်အသွေးပြည့်ဝပြီး ကျွမ်းကျင်မှုရှိသော နည်းပြများမွေးထုတ်ပေးရန်အတွက် ဌာနရှိဝန်ထမ်းများအား(TOT) သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။ |
| | | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**<br>(က)ဝါးလက်မှုပစ္စည်းများ အဆင့်မြှင့်ထုတ်လုပ်နိုင်ရေးအတွက် သင်တန်း ပို့ချခြင်း၊ | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**<br>▪ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့ နတလသင်တန်းကျောင်းခန်းမတွင် (၁၂.၂.၂၀၂၂)မှ (၂၅.၂.၂၀၂၂) ထိ သင်တန်းသား (၆၀)ဦးအား သင်တန်း (၁) ကြိမ် ပို့ချပေးခဲ့ပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲအခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၁၄။ | SME ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အာဆီယံနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန်နှင့် SME ဥပဒေ ပြင်ဆင်ရာ၌ အဓိပ္ပါယ်ဖွင့်ချက်တွင် SME လုပ်ငန်းများသည် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံ မဖြစ်စေရဟု ထည့်သွင်းဖော်ပြရန်၊ | ▪ MSME လုပ်ငန်းကော်မတီ၊<br>▪ စက်မှု | **MSME လုပ်ငန်းကော်မတီ/ စက်မှုဝန်ကြီးဌာန**<br>▪ ဥပဒေပြင်ဆင်ရေးအဖွဲ့/ ကော်မတီဖွဲ့စည်းခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ ဥပဒေပြင်ဆင်ရေး ဆွေးနွေးခြင်း၊<br>▪ ဥပဒေအား ပြန်လည်သုံးသပ်၍ အားနည်းချက်၊ အားသာချက်များ၊ လိုအပ်ချက်များ ဖော်ထုတ်ခြင်း၊<br>▪ ဥပဒေပြင်ဆင်ရေးအဖွဲ့ အစည်းအဝေးတွင် အဆိုပါအချက်အား တင်ပြဆွေးနွေး၍ ပြင်ဆင်မည့် ဥပဒေတွင် ပါဝင်စေရေးဆောင်ရွက်ခြင်း၊ | **MSME လုပ်ငန်းကော်မတီ/စက်မှုဝန်ကြီးဌာန**<br>▪ ဥပဒေပြင်ဆင်ရေးအဖွဲ့ ဖွဲ့စည်းပြီး ဖြစ်ပါသည်။<br>▪ (၁၁.၁.၂၀၂၃) ရက်နေ့တွင် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့ပြီး၊ အဆိုပါအစည်းအဝေး၌ ဥပဒေပြင်ဆင်ရေးအဖွဲ့ဝင်များအား သဘောထားမှတ်ချက်များ တောင်းခံထားပါသည်။ စုစည်း၍ ဆက်လက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားပါမည်။ |

**အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ**

**ဆောင်ရွက်ဆဲအခြေအနေများ**

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၁၅။ | ပြည်တွင်းရှိ ကုန်ကြမ်းများကို အသုံးပြုပြီး၊ သွင်းကုန်အစားထိုး ထုတ်ကုန်များ မဖြစ်မနေ ထုတ်လုပ်ရန်နှင့် ဒုတိယအဆင့် အနေဖြင့် ပြည်ပဝင်ငွေရရှိအောင် ကြိုးစားဆောင်ရွက်ရန်၊ | ▪ MSME လုပ်ငန်း ကော်မတီ၊<br>▪ ရင်းနှီး/ စီးပွား၊<br>▪ စက်မှု၊<br>▪ စီးပွားကူးသန်း၊<br>▪ UMFCCI | **MSMEလုပ်ငန်းကော်မတီ**<br>▪ MSME များ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် တွင် ပြည်တွင်း ကုန်ကြမ်းများ အသုံးပြု၍ သွင်းကုန်အစားထိုး ထုတ်ကုန်များထုတ်လုပ်နိုင်စေရန် လုပ်ငန်းများအလိုက် Supply Chain Analysis များ ပြုလုပ်ခြင်း၊<br>▪ Supply Chain Analysis ရလဒ် များအရ သွင်းကုန်အစားထိုး အစီအမံများ ရေးဆွဲဆောင်ရွက်ခြင်း၊<br>▪ ထိုမှတစ်ဆင့် ပြည်ပပို့ကုန်ထုတ် လုပ်နိုင်ရေးအဆင့်သို့ တက်လှမ်း နိုင်ရန် ထပ်မံဆောင်ရွက်ခြင်း၊ | **MSMEလုပ်ငန်းကော်မတီ**<br>▪ လုပ်ငန်းကော်မတီအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ UMFCCI နှင့် ပုဂ္ဂလိကအသင်းအဖွဲ့ များပါဝင်သော အေဂျင်စီ နှင့် ဒေသ ဆိုင်ရာအေဂျင်စီအဖွဲ့များ ဖွဲ့စည်း၍ ပြည်တွင်းရှိ ကုန်ကြမ်းများကို အသုံးပြု ပြီး၊ သွင်းကုန် အစားထိုး ထုတ်ကုန်များ မဖြစ်မနေ ထုတ်လုပ်နိုင်ရေးအတွက် ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။ |

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

ဆောင်ရွက်ဆဲအခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၁၅။ | | | **ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန**<br>▪ ပြည်တွင်းရှိ ကုန်ကြမ်းများကို အသုံးပြုပြီးသွင်းကုန်အစားထိုး လုပ်ငန်းများ ဆောင်ရွက်ရန်၊ ကော်မရှင်သို့ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို အားပေးဆောင်ရွက်သွားမည် ဖြစ်ခြင်း၊ | **ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန**<br>▪ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတွင် ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး အထောက်အကူပြုလုပ်ငန်းအဖွဲ့ (၃) ဖွဲ့အနက် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)၊ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ အေဂျင်စီတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (DICA) က အဖွဲ့ဝင် အဖြစ်လည်းကောင်း ပါဝင်ပြီး လုပ်ငန်းကော်မတီ၏ ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။ |

# အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ဆဲအခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၁၅။ | | | **စက်မှုဝန်ကြီးဌာန**<br>▪ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း အနေဖြင့် ၂/၈၀ ချည် စမ်းသပ် ထုတ်လုပ်နိုင်ရေးအတွက် အမှတ် (၇) အထည်စက်ရုံ (မြစ်သား) တွင် Quick Win စီမံကိန်း ဆောင်ရွက်လျက်ရှိခြင်း၊ လိုအပ်သော ချည်ပေါင်းစက် (Yarn Steamer)အား ၂၀၂၂-၂၀၂၃ ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုငွေဖြင့် ဝယ်ယူရေး ဆောင်ရွက်လျက်ရှိခြင်း၊<br>▪ စက္ကူစက်ရုံများ အမြန်ဆုံးပြန်လည် လည်ပတ်ရန် MEC သို့ လွှဲပြောင်းခြင်းဆိုင်ရာလုပ်ငန်းစဉ် (SOP) များ ချမှတ် လွှဲပြောင်း ဆောင်ရွက်သွားမည် ဖြစ်ခြင်း။ | **စက်မှုဝန်ကြီးဌာန**<br>▪ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ စက်ရုံများတွင် ဝါဂွမ်းကုန်ကြမ်း A အဆင့်ကို အသုံးပြု၍ ၁/၄၀ ချည်၊ B အဆင့်ကို အသုံးပြု၍ ၁/၃၂ ချည်၊ C အဆင့် ကို အသုံးပြု၍ ၁/၂၀ ချည်၊ D အဆင့်ကို အသုံးပြု၍ ၁/၁၆ ချည် ထုတ်လုပ်လျက်ရှိပါသည်။<br>▪ အရည်အသွေးကောင်းမွန်သော ဝါဂွမ်းကုန်ကြမ်း ရရှိရေးအတွက် ၁/၂၀၁၇ နှင့်အညီ တင်ဒါခေါ်ယူ ဝယ်ယူဆောင်ရွက်လျက်ရှိပြီး စီးပွား/ကူးသန်းဝန်ကြီးဌာနနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။<br>▪ ၂/၈၀ ချည်စမ်းသပ်ထုတ်လုပ်နိုင်ရေးအတွက် အမှတ်(၇)အထည်စက်ရုံ (မြစ်သား) တွင် Quick Win စီမံကိန်း ဆောင်ရွက်လျက်ရှိပြီး လိုအပ်သော ချည်ပေါင်းစက်(Yarn Steamer) အား ၂၀၂၂-၂၀၂၃ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုငွေဖြင့် ဝယ်ယူရေး ဆောင်ရွက်လျက်ရှိပါသည်။ |

## အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

### ဆောင်ရွက်ဆဲအခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | | ▪ စက္ကူစက်ရုံများ အမြန်ဆုံးပြန်လည် လည်ပတ်ရန် MEC သို့ လွှဲပြောင်းခြင်းဆိုင်ရာလုပ်ငန်းစဉ် (SOP) များ ချမှတ်လွှဲပြောင်းဆောင်ရွက်သွားပါမည်။ |
| | | | | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**<br>▪ ဒေသတွင်းလုပ်ငန်းများကုန်ကြမ်းရရှိစေရေးအတွက် လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ ထုတ်လုပ်မှု အခြေအနေများအား ဆက်သွယ်မေးမြန်းဆောင်ရွက်လျက်ရှိပါသည်။<br>▪ ပြည်ပဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာဖိတ်ခေါ် ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းများ ဆောင်ရွက်ခဲ့ပါသည်။<br>▪ အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၀-၂၀၂၅)တွင် ဈေးကွက် အလားအလာရှိသော ပို့ကုန်ကဏ္ဍများကို ရွေးချယ်ပြီးကဏ္ဍတစ်ခုချင်းအတွက် လုပ်ငန်းစီမံချက်များ (Plan of Action) အား သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းရေးဆွဲခြင်း၊ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ |

# အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

## ဆောင်ရွက်ဆဲအခြေအနေများ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| ၁၆။ | MSME လုပ်ငန်းများ ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးသည် အရေးကြီးဆုံးဖြစ်ပြီး အရင်းအနှီး မရှိပါက လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲများရှိသည့် အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှင့် မြန်မာနိုင်ငံဘဏ်များအသင်း တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်ရန်၊ | ▪ စီမံ/ဘဏ္ဍာ၊<br>▪ ဗဟိုဘဏ်၊<br>▪ ဘဏ်များ အသင်း | **MSME လုပ်ငန်းကော်မတီ**<br>▪ ဘဏ်များတွင် MSME လုပ်ငန်းများအား ဝန်ဆောင်မှုပေးနိုင်မည့် MSME UNIT တစ်ခု ဖွဲ့စည်း၍ ငွေကြေးဆိုင်ရာ ကိစ္စရပ်များ၊ ချေးငွေဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရန် စီမံဆောင်ရွက်ခြင်း၊ | **MSME လုပ်ငန်းကော်မတီ**<br>▪ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံ ဘဏ်များအသင်းသို့ ဘဏ်များတွင် MSME UNIT တစ်ခု စတင်ဖွဲ့စည်း ဆောင်ရွက်သွားရန် (၁၃.၁.၂၀၂၃) ရက်စွဲပါစာအမှတ်၊ သငလ(လုပ်ငန်း)/ဖွဲ့စည်း /၂၀၂၃(၀၀၁) ဖြင့် စာထွက် အကြောင်း ကြားထားပါသည်။ |
| | | | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**<br>▪ သက်ဆိုင်ရာ ဘဏ်များမှတစ်ဆင့် မှတ်ပုံတင်ထားသော MSME လုပ်ငန်းများနှင့် တိုက်ရိုက် ချိတ်ဆက်ချေးယူနိုင်ရန်စီစဉ်ပေးခြင်း၊ အသိအမှတ်ပြုပေးခြင်းများဆောင်ရွက်မည်ဖြစ်ခြင်း။ | **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**<br>▪ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**<br>(က)နိုင်ငံပိုင်ဘဏ်များ၊ပုဂ္ဂလိကဘဏ်များ နှင့် ဘဏ်မဟုတ်သောငွေရေးကြေး ရေးအဖွဲ့အစည်းများက MSMEs လုပ်ငန်းများသို့ ၎င်းတို့၏ Own-Fund ၊ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ရန်ပုံငွေသုံးစွဲ၍ ချေးငွေများ တိုးမြှင့်ထုတ်ချေးရန် တွန်းအားပေးသွားမည် ဖြစ်ခြင်း။<br><br>(ခ) Green Economy ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်၍ Green Economy တွင် ရင်းနှီးမြှုပ်နှံမည့် MSMEs လုပ်ငန်း များအား ချေးငွေများထုတ်ချေးရန် တွန်းအားပေးသွားမည်ဖြစ်ခြင်း။ | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**<br>(က)မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၅) ဘဏ်တို့က MSMEs များသို့ ချေးငွေများ ထုတ်ချေးရာတွင် Green Economy ဖွံ့ဖြိုးတိုးတက်စေရေးတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန် ရည်ရွယ်၍ ၎င်းတို့၏ Own-Fund JICA Two-Step Loan, Other Fund (KfW ,IFC),COVID Fund များဖြင့် ကဏ္ဍအသီး သီးသို့ ထုတ်ချေးလျက်ရှိပါသည်။<br><br>(ခ) ဘဏ်များက Collateral Type ပေါ် မူတည်၍ Own-Fund ဖြင့် အတိုးနှုန်း ၆.၅ % - ၁၄.၅% ဖြင့် လည်းကောင်း JICA TSL ဖြင့် အတိုးနှုန်း ၅.၅%-၁၃% ဖြင့်လည်းကောင်း၊ Other Fund (KfW , IFC) ဖြင့် အတိုးနှုန်း ၈.၅ %-၉% ဖြင့် လည်းကောင်း ထုတ်ချေးပေးလျက်ရှိပါ သည်။ |

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

(၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် (၃၁.၁.၂၀၂၃) ရက်အထိ

ဆောင်ရွက်ဆဲအခြေအနေများ(အဆက်)

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်မည့်အစီအမံများ | ဆောင်ရွက်ဆဲအခြေအနေ |
|---|---|---|---|---|
| | | | (ဂ) MSMEs လုပ်ငန်းများအပါအဝင် နိုင်ငံတော်၏ ဦးစားပေးဆောင်ရွက်မည့် ကဏ္ဍများထံသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် သက်သာသည့် အတိုးနှုန်းဖြင့် ကာလလတ်နှင့် ကာလရှည်ချေးငွေများ ပံ့ပိုးသွားမည်ဖြစ်ခြင်း။<br>**မြန်မာနိုင်ငံဘဏ်များအသင်း**<br>▪ မြန်မာနိုင်ငံဘဏ်များအသင်း၏အသင်းဝင်ဘဏ်များအနေဖြင့် MSME လုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးလိုအပ်ချက်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်စီစဉ်လျာထားခြင်း။ | (ဂ) မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၅) ဘဏ်တို့က ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ MSMEs လုပ်ငန်းရှင် ၂၆,၁၃၈ ဦးသို့ ချေးငွေ ကျပ် ၁,၄၉၈.၁ ဘီလီယံ ထုတ်ချေးထားပါသည်။<br>**မြန်မာနိုင်ငံဘဏ်များအသင်း**<br>▪ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကဘဏ်များအနေဖြင့် ဖြည့်ဆည်းပေးရန်သတ်မှတ်ပေးမည့် ချေးငွေပမာဏလိုအပ်ချက်နှင့် ဗဟိုဘဏ်၏ အတိုးနှုန်းအပေါ် လမ်းညွှန်ချက်တို့ လိုအပ်ပါသဖြင့် ညှိနှိုင်းဆွေးနွေးမှုနှင့် လမ်းညွှန်မှုကို ခံယူရန် လိုအပ်ပါသည်။ |

ညွှန်ကြားချက်နာခံအပ်ပါသည်